ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ညွှန်ကြားချက်အမှတ်၊ ( ၁ /၂၀၂၅)
နေပြည်တော်၊ ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် (၁၂ )
၂၀၂၅ ခုနှစ်၊ မေလ (၂၃ ) ရက်

# အခြားကောက်ခံသည့်အခကြေးငွေဆိုင်ရာညွှန်ကြားချက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေး ကြေးရေး လုပ်ငန်းဥပဒေ ပုဒ်မ ၆၈ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤညွှန်ကြားချက် ကို ထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အတိုးနှုန်းနှင့် အခြားကောက်ခံ သည့် အခကြေးငွေဆိုင်ရာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီညွှန်ကြားချက် (၁/၂၀၁၉) ကို ၅-၆-၂၀၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ယင်းညွှန်ကြားချက် အပိုဒ်(၃) ပါ အသေးစားငွေရေးကြေးရေးကုမ္ပဏီများသည် အခြားကောက်ခံသော အခကြေးငွေများမှ လူမှုရေး ရန်ပုံငွေအား၀.၅%ပြောင်းလဲမှုမရှိစေဘဲအခြားကောက်ခံသောအခကြေးငွေ (Fee)များသည့်ဖြစ်သည့် ချေးငွေ၀န်ဆောင်မှုစရိတ်၊ ဘဏ်၀န်ဆောင်မှုစရိတ်၊ဒဏ်ကြေးများ၊ ဒစ်ဂျစ်တယ်ငွေကြေး၀န်ဆောင်မှု (Digital Financial Service) အတွက်ကောက်ခံသည့် ၀န်ဆောင်ခ၊ အသက်အာမခံကြေး၊ အသင်း ၀င်ကြေး၊စာအုပ်နှင့်စာရွက်စာတမ်းကြေး၊ သတ်မှတ်ချိန်ထက်စော၍ ပြန်လည်ပေးဆပ်မှုအတွက် ကောက်ခံသည့်၀န်ဆောင်ခအား ယခင် ၁.၅ % ကောက်ခံခွင့်ပြုရာမှ ၂.၅% သို့တိုးမြှင့်ကောက်ခံ၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) အခြားကောက်ခံသော အခကြေးငွေစုစုပေါင်းသည် ချေးငွေထုတ်ချေးသည့် ကာလ (၁၂)လအတွက်ချေးငွေပမာဏ၏ (၃%) ထက်မပိုရ၊

(ခ) ချေးငွေထုတ်ချေးသည့်ကာလ (၁၂)လအောက်နှင့်(၁၂)လအထက်ချေးငွေများအတွက် အခြားကောက်ခံသော အခကြေးငွေစုစုပေါင်းသည် တစ်နှစ်လျှင်ချေးငွေပမာဏ၏ (၃) % အပေါ်အခြေခံ၍ချေးငွေကာလအလိုက်တွက်ချက်ကောက်ခံရမည်။

၃။ ဤညွှန်ကြားချက်သည် ၂၀၂၅ ခုနှစ်ဇွန်လ(၁)ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

၄။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၉) စာပိုဒ် (၃) တွင် သတ်မှတ်ခဲ့သည့် အခြားကောက်ခံသည့်အခကြေးငွေဆိုင်ရာ သတ်မှတ်ချက်ကို ယခုသတ်မှတ်ချက်ဖြင့်ကျော်လွန်လွှမ်းမိုးလိုက်သည်။

ဝင်းရှိန်
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁/ဖ(၁၁၀၁/၂၀၂၅)
ရက်စွဲ ၊ ၂၀၂၅ ခုနှစ် မေလ ၂၃ ရက်

**ဖြန့်ဝေခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
အသေးစားငွေရေးကြေးရေးကုမ္ပဏီများအားလုံး
ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံများအားလုံး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အမိန့်အရ

၂၃.၅.၂၀၂၅

(ဇော်နိုင်)
အတွင်းရေးမှူး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ